BMA | B.P.H.W.T Primary Health care | Karen Department of Health and Welfare | MAE TAO CLINIC

CPAC | Mon National Health Committee | KnMHC | S.S.D.F

## သတင်း ထုတ်ပြန်ချက်

ဖေဖော်ဝါရီ (၁၉) ရက် ၂၀၁၅ခုနှစ် ။ ရန်ကုန်မြို့ဒေသစံတော်ချိန် နံနက်( ၁၀း၃၀) နာရီ မတိုင်မီအထိ မထုတ်ပြန်ရန် တားမြစ်ထားသည်။

**အစီရင်ခံစာသစ် - ကျန်းမာရေးစနစ်ပြန်လည်ကောင်းမွန်ရန် ဆယ်စုနှစ်များစွာကြာဦးမည့် မြန်မာပြည်အရှေ့ပိုင်း**

ဤအစီရင်ခံစာအသစ်သည် မကြာမီကာလအတွင်းက ဖြစ်ပေါ်ခဲ့သော အပစ်အခတ်ရပ်စဲကာလ နောက်ပိုင်းတွင် မြန်မာပြည်အရှေ့ပိုင်းဒေသအတွင်း ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို စစ်တမ်းကောက်ခံခဲ့သော ပထမဦးဆုံး အစီရင်ခံစာဖြစ်သည်။ ဤအစီရင်ခံစာတွင် ဒေသခံ တိုင်းရင်းသား ကျန်းမာရေး စောင့်ရှောက်သူများ၏ ကျန်းမာရေးလုပ်ငန်းများနှင့် စပ်လျဉ်းသော ကျန်းမာရေး အခြေအနေပြ ညွှန်းကိန်းများ တိုးတက်လာမှု ရှိသည်ကို ဖော်ပြထားသည်။ သို့သော် ပဋိပက္ခ ဖြစ်ပွားသည့် လူ့အသိုင်း အဝိုင်းတို့၏ တစုံလုံးဆိုင်ရာကျန်းမာရေးကိစ္စ စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်လာနိုင်ရန်အတွက် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်ပေါ် မှီတည်သည်ဟု မီးမောင်းထိုးပြထားသည့်အပြင် ထိုသို့ တိုးတက်လာနိုင်ရန်အတွက် ဆယ်စုနှစ်များစွာကြာမြင့်ကောင်း ကြာမြင့်နိုင်သည်။

ဤ (The Long Road to Recovery) အစီရင်ခံစာသည် ရရှိထားသော မြို့နယ် (၆၄) မြို့နယ်မှ ဦးတည် လူဦးရေ သန်းတစ်ဝက်တို့၏ သတင်းအချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ ၎င်း အချက် အလက်များထဲတွင် ငှက်ဖျားဖြစ်နှုန်းနှင့် မိခင်များအာဟာရ ချို့တဲ့မှု နှုန်းများ လျော့နည်းကျဆင်းလာ ကြောင်းနှင့်မိခင်နို့ တိုက်ကျွေးခြင်း ပုံစံများ တိုးတက်ကောင်းမွန်လာကြောင်းကိုဖော်ပြထားသည်။ သို့သော်လည်းမွေးကင်းစကလေးနှင့် ကလေးသေဆုံးမှု နှုန်းမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ပိုပြီးမြင့်မားနေသည်ကိုဖော်ပြထားပြီး ၎င်းဖြစ်စဉ်သည်ဆိုမားလီးယားကဲ့သို့သောလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှု ဒဏ်ခံရသောနိုင်ငံနှင့် အလားတူဖြစ်သည်။ ထို့အပြင် ဤဖြစ်ရပ်သည် မြန်မာနိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီများ အလုံးအရင်းနှင့်ဝင်လာပြီး အပစ်အခတ်ရပ်စဲမှုများ ပေါ်ပေါက်ခဲ့သော်လည်း အကာအကွယ်ပေးမှုနှင့်လုံခြုံမှုများ ဆက်လက်ကွယ်ပျောက်နေကြောင်းကိုလည်း မီးမောင်း ထိုးပြနေ သည်။

ဤကျန်းမာရေးစစ်တမ်းသည် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ နှင့် လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများကွန်ယက်မှကောက်ခံခဲ့သည်။ ပဋိပက္ခနှင့်နိပ်စက်မှုများကြောင့် ၎င်းကျန်းမာရေးအဖွဲ့အစည်းများသည် ဗဟိုအစိုးရ၏ ကျန်းမာရေးစနစ်အပြင်ဖက်တွင် သီးခြားရပ်တည်ကာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတစ်လျှောက် နယ်လှည့်ကျန်းမာရေးအဖွဲ့များနှင့် ကျေးလက်ဆေးခန်းများတည်ဆောက်ပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖွံ့ဖြိုးရန် ၎င်းတို့ကိုယ်တိုင် တည်ဆောက် အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ကြသည်။

ဤသို့ ပဋိပက္ခဖြစ်ပွားသော ဒေသတွင်းရှိ လူထုများအတွက် တိုင်းရင်းသား နှင့်လူထုအခြေပြု ကျန်းမာရေးအဖွဲ့များသည်သာလျှင် အဓိက ကျန်းမာရေးစောင့်ရှောက်မှုပေးသောအဖွဲ့များ ဖြစ်သည်ဆိုခြင်းကို ဤစစ်တမ်းမှ အချက်အလက်များက ဖေါ်ပြနေသည်။

စစ်တမ်းတွေ့ရှိချက်အရ (၇၀) ရာခိုင်နှုန်းသော စစ်တမ်းဖြေဆိုသူများသည် ကျန်းမာရေးကုသမှုကို တိုင်းရင်းသားနှင့်လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများမှ လက်လှမ်းမှီ ရရှိပြီး (၈) ရာခိုင်နှုန်းသာလျှင် အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသော နေရာများကို လက်လှမ်းမှီကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုရယူရာတွင်လည်း ဖြေဆိုသူ (၇၅) ရာခိုင်နှုန်းသည် အနီးဆုံး ကျန်းမာရေးစောင့်ရှောက်မှုနေရာများသို့ ရောက်ရှိရန် တစ်နာရီခွဲမျှ အချိန်ယူပြီး လမ်းလျှောက်ကြရသည်။

"အခွင့်ရှည် တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ကျွန်မတို့အားလုံး အလုပ်မ်ားေးနေဆဲ" ဟု အစီရင်ခံစာ တွဲဖက်ရေးသားသူ ဒေါက်တာ စင်သီယာမောင် က ပြောကြားခဲ့သည်။ " မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသရှိ ကျန်းမာရေး အခက်အခဲများ ကို ဖြေရှင်းဆောင်ရွက်ရန်အတွက် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ နှင့် လူထုအခြေပြု ကျန်းမာရေး အဖွဲ့အစည်းများက တည်ဆောက်ထားခဲ့သော လက်ရှိ အခြေခံကျန်းမာရေး အဆောက်အအုံများပေါ်တွင် ရင်းနှီးမြှုပ်နှံပြီး အခြေပြုချဲ့ထွင်ရမည်ဖြစ်သည်။"

အစီရင်ခံစာ ( The Long Road to Recovery : တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ နှင့် လူထုအခြေပြု ကျန်းမာရေးအဖွဲ့အစည်းများက မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် ပို၍တိုးတက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ဦးဆောင်လျက်ရှိ။) အပြည့်အစုံကို ကျန်းမာရေးသတင်းစနစ် အလုပ်အဖွဲ့၏ ဂဘ်ဆိုဒ် www.hiswg.org တွင် ကြည့်ရှုနိုင်ပါသည်။

ဆက်သွယ်ရန် -

စောအယ်ကလူရွှေဦး - ဒါရိုက်တာ (ကရင်ကျန်းမာရေး နှင့် ကယ်ဆယ်ရေး ဌာန)

ဖုန်း - + ၉၅ (၁) ၉၄၂၁ ၁၆၀ ၁၂၀

စောဂင်းကျော် - ဒါရိုက်တာ (နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့)

ဖုန်း - + ၉၅(၁) ၉၃၁ ၄၈၈ ၆၇၉။